Form Approved
OMB No. 0923-XXXX
Exp. Date xx/xx/20xx

**ပူးတွဲစာမူ ဗြဒိုင်။** နယူးယော့ခ် အသိပေး ဆန္ဒပြုခြင်း၊ မြန်မာဘာသာ
(ဖလက်ရှ်-ကင်းကိတ်ဒ် ဖတ်စာ အဆင့် - အတန်း ၇.၅၊ အတန်း ၇.၂ ဓါတုဗေဒဆိုင်ရာ အမည်များပါဝင်ခြင်းမရှိ)

**ဝင်ရောက်ပါဝင်လိုကြောင်း ဆန္ဒပြုခြင်း**

**နယူးယော့ခ်ပြည်နယ် ကျန်းမာရေးဌာန**

**နယူးယော့ခ်ပြည်နယ်ရှိ စိုးရိမ်ဖွယ် အခြေအနေရှိသော ဒေသများတွင် နေထိုင်သည့် မြန်မာပြည်ဖွားများ၊ သို့မဟုတ် ၎င်းတို့မှ ဆင်းသက်ပေါက်ဖွားသူများအား ဓါတုဇီဝသတ်မှတ်တိုင်းတာခြင်း**

## ခြုံငုံဖော်ပြချက်

နယူးယော့ခ်ပြည်နယ် ကျန်းမာရေးဌာန နှင့် အဆိပ်အတောက်နှင့်ရောဂါမှတ်တမ်းရုံးတို့ ပူးပေါင်းဆောင်ရွက်သော ဗရီးကန်၊ အွန်တယ်ရီအိုကန်နှင့် နယူးယော့ခ် မြစ်ချောင်းများမှ ငါးများကို စားသုံးသူများထံမှ ဓါတုအညစ်အကြေးများ တိုင်းတာခြင်း စီမံကိန်း၌ ဝင်ရောက်ပါဝင်ရန် သင့်အား ဖိတ်ခေါ်အပ်ပါသည်။

သင့်အား ပါဝင်ရန် ပန်ကြားအပ်ပါသည်။ သင်၏ ပါဝင်မှုသည် သင့်သဘောဆန္ဒအလျှောက် ပါဝင်ခြင်းသာဖြစ်ပါသည်။ ဤစီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖတ်ရှုလေ့လာအပြီး၊ ပါဝင်ရန်မဆုံးဖြတ်ခင် သင်သိလိုသော၊ မရှင်းလင်းသော၊ နားမလည်သော အကြောင်းအရာများကို မေးမြန်းစုံစမ်းနိုင်ပါသည်။

## ဤစီမံကိန်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

ဤစီမံကိန်း၏ ရည်ရွယ်ချက်မှာ နယူးယော့ခ်ပြည်နယ်ရှိ ကန်များ၊ မြစ်ချောင်းများမှ ဖမ်းဆီးရရှိသော ငါးများကို စားသုံးသူများတွင်ရှိသော ဓါတုအညစ်အကြေးများ၏ ပမာဏကို တိုင်းတာရန်ဖြစ်သည်။ လေ့လာ၊ သိရှိရန် စိတ်ဝင်စားသော ဒေသများမှာ ဘတ်ဖဲလိုးမြစ်၊ နိုင်အာဂါရာမြစ်၊ အိတ်တင်းန်မိုင်လ်ချောင်း နှင့် ရောချက်စတာကမ်းခြေ တလျှောက် ဖြစ်သည်။ စမ်းသပ်မှုများ၏ အဖြေများကို နားလည်မှုပိုမိုရရှိရန် အထောက်အကူအားဖြင့်၊ လူများသည် မည်သည့်ငါးတို့ကိုစားသုံးသနည်း၊ မည်မျှခန့်စားသုံးသနည်း၊ အခြားခြားသော မည့်သည့်နည်းလမ်းများမှ၊ လူအများ ဓါတုဓါတ်သင့်မှုရရှိသနည်း (ဥပမာ ၎င်းတို့၏ အလုပ်အကိုင်၊ အခြားအစားအသောက်၊ အစရှိသဖြင့်) တို့ကို ကျွန်ုပ်တို့ သိရှိနားလည်ရန်လိုအပ်ပေသည်။

ဤစီမံကိန်းမှ ရရှိလာသော ရလာဒ် အချက်အလက်များကို လူသားများ ပတ်ဝန်းကျင်တွင်ရှိသော ဓါတုအညစ်အကြေးများ သက်ရောက်နိုင်ခြင်းတို့မှ ကာကွယ်ရန် အရေးယူဆောင်ရွက်မှုများအတွက် အသုံးပြုသွားမည်ဖြစ်သည်။

## သင့်အား အဘယ်ကြောင့် ဤစီမံကိန်းတွင် ပါဝင်ရန် ဖိတ်ခေါ်ရပါသနည်း။

သင်သည် မြန်မာနိုင်ငံမှလာသောသူ၊ သို့မဟုတ် မြန်မာနိုင်ငံမှ လာသောသူတဦးဦး၏ ဆွေမျိုး ဖြစ်ခြင်း၊ ဘတ်ဖဲလိုးမြို့ သို့မဟုတ် အနီးအနားတွင် အနည်းဆုံး ၁ နှစ် နေထိုင်ဖူးခြင်း၊ သက်ဆိုင်ရာ မြစ်ချောင်းအင်းအိုင်များမှ ငါးများကို ဖမ်းဆီး စားသုံးဖူးခြင်းတို့ကြောင့် သင့်အား ဤစီမံကိန်းတွင် ပါဝင်ရန် ဖိတ်ခေါ်ရခြင်းဖြစ်သည်။ နယူးယော့ခ်ပြည်နယ် ကျန်းမာရေး ဌာနသည် မြန်မာနိုင်ငံ မှလာရောက်ကာ၊ ငါးစားသုံးသူ ၁၀၀ မှ ၂၀၀ အထိ ရရှိရန်မျှော်လင့်သည်။

Public reporting burden of this collection of information is estimated to average 1 minute per response for total participation, including the time for reviewing instructions, searching existing data sources, gathering and maintaining the data needed, and completing and reviewing the collection of information. An agency may not conduct or sponsor, and a person is not required to respond to collection of information unless it displays a currently valid OMB control number. Send comments regarding this burden estimate or any other aspect of this collection of information, including suggestions for reducing this burden to CDC/ATSDR Reports Clearance Officer; 1600 Clifton Road, MS D-74, Atlanta, GA 30333, ATTN: PRA (0923-XXXX).

**သင် မည်သည့် အရာများကို ဆောင်ရွက်ရန် ကျွန်ုပ်တို့မှ ပန်ကြားမည်နည်း။**

အကယ်၍၊ ဤစီမံကိန်း၌ ပါဝင်ရန် သင်ရွေးချယ်ပါက -

- သင်သည် အန္တရာယ်ကင်းစွာသွေးပေးနိုင်သည်မှာ သေချာကြောင်း ကျွန်ုပ်တို့မှ မေးခွန်းအနည်းငယ်မေးမည်။ သွေးထုတ်ရန်လေ့ကျင့်ထားသောသူသည် သင့်လက်မောင်းထံမှ ၃၀ မီလီ (စားပွဲတင်ဇွန်း၂ ဇွန်းခန့်) သွေးကို ကိုထုတ်ယူမည်။
- သင့်ထံမှ ဆီး ၅၀-၁၀၀ မီလီ (ခွက်တဝက်ခန့်) ကို ခွက်ထဲတွင် ထည့်ပေးရန် ကျွန်ုပ်တို့မှ တောင်းခံမည်။ ထိုအခြင်းအရာကို သင်တစ်ဦးတည်း အိမ်သာထဲတွင် ပြုလုပ်ရမည်။
- သင်၏ အရပ်နှင့် အလေးချိန်ကို ကျွန်ုပ်တို့မှ ချိန်ဆ၊ တိုင်းတာမည်။
- သင့်အား၊ ကျွန်ုပ်တို့မှ တွေ့ဆုံမေးမြန်းမည်။ ထိုတွေ့ဆုံမေးမြန်းခန်းသည် ၁ နာရီခန့်ကြာမည်။ ထိုသို့တွေ့ဆုံမေးမြန်းရာ၌ သင့်နေရပ်၊ လုပ်ခဲ့ဖူးသောအလုပ်အကိုင်များ၊ ဆေးလိပ်သောက်သုံးမှု၊ ဝါသနာနှင့် ပြင်ပလေ့ကျင့်ခန်းများ၊ သင်စားသုံးသော ငါးနှင့် အခြားအစားအစာများ၊ သင့်ပညာရေး၊ ဝင်ငွေ နှင့် (အမျိုးသမီးများအတွက်) မိခင်နို့ရည်တိုက်ကျွေးခဲ့သော ရင်သွေးငယ် အရေအတွက် အစရှိသည်တို့ကို မေးမြန်းမည်။
- တွေ့ဆုံမေးမြန်းခန်းအဆုံး၌ ကျွန်ုပ်တို့မှ သင့်အား အခြားမြန်မာနိုင်ငံမှလာသောသူ ၃ ဦးခန့်ကို ကူညီရှာဖွေပေးရန် ကမ်းလှမ်းမည်။ အကယ်၍ သင်မှ ကူညီပေးလိုပါက သင်သိရှိရန်လိုသော အချက်အလက်များကို ကျွန်ုပ်တို့မှ သင်ကြားပေးမည်။

**ဤအခြင်းအရာများ မည်မျှခန့် ကြာမြင့်မည်နည်း။**

ကိစ္စအားလုံးပြီးဆုံးရန် ၁ နာရီခန့်ကြာမြင့်မည်။

**ကျွန်ုပ်၏ သွေးနှင့် ဆီးကို အဘယ်ကြောင့်စစ်ဆေးရသနည်း။**

ငါးများအတွင်းနှင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ မြေသားတို့အတွင်း၌ တွေ့ရတတ်သော ဓါတ်သင့်အညစ်အကြေးများကို သင့် သွေးနှင့်ဆီးတို့၌ ရှာဖွေကြည့်မည်။ အကယ်၍ သင်မှ ဝင်ရောက်အစစ်ခံပါက၊ နယူးယော့ခ်ပြည်နယ်ကျန်းမာရေးဌာနရှိ ဓါတ်ခွဲခန်းများမှ သင့်သွေးနှင့်ဆီးတို့တွင် အောက်ဖေါ်ပြပါ အညစ်အကြေးများပါဝင်ခြင်းရှိမရှိကို စစ်ဆေးမည် -

- ပေါ်လီကလိုရိုနိတ် ဘိုင်ဖီနော်လ် (ပီစီဘီ)
- ပေါ်လီဘရိုမိတ် ဒိုင်ဖီနော်လ် အီသာ (ပီဘီဒီအီး)
- ပါဖလိုရိုအောက်တာနိုဝခ်အက်ဆစ် (ပီအဖ်အိုအေ) နှင့် ပါဖလိုရိုအောက်တိန်းဆာဖိုနစ်အက်ဆစ် (ပီအဖ်အိုအဖ်)
- ဒီဒီတီ၊ ဒီဒီအီး၊ မီရက်၊ ဟက်စာကလိုရိုဘန်ဇင်း၊ တောက်စာဖိန်း၊ ကလိုဒိန်း၊ အောက်စီကလိုဒိန်း၊ နှင့် ထရန်စ်-နိုနာအက်ကလာ (ကလိုဒိန်းအား တိုက်ဖျက်သောအခါ ခန္ဓာကိုယ်မှ ဤဓါတ်၂ ခု ထွက်လာပါသည်)
- ပြဒါး၊ ခဲ၊ ကဒ်မီယံသတ္တု

အချို့သော ဓါတုအညစ်အကြေးများသည် အဆီများတွင် တွေ့ရတတ်သောကြောင့် ကျွန်ုပ်တို့မှ သင်၏သွေးတွင်း၌ရှိသော လစ်ပစ် (ကိုလက်စထရော နှင့် ထရိုင်ဂလစ်စရိုက်) တို့ကိုပါစစ်မည်။ ဆီး၌ရှိသောဓါတုဓါတ်များအတွက်၊ ကျွန်ုပ်တို့သည် ကရီရေးတနိန်းကို သင့်ဆီးထဲတွင်ရှာဖွေကြည့်မည်။ လစ်ပစ်နှင့် ကရီရေးတနိန်းတို့သည် သင့်ခန္ဓာကိုယ်တွင်းတွေ့ရသော ပုံမှန် သတ္တုဓါတ်များဖြစ်သည်။

သင့်ထံမှရရှိသော သွေးနှင့်ဆီး လက်ကျန်များကို သိမ်းဆည်းထားရန်နှင့်၊ သင့်သွေးထဲမှ ဓါတုအညစ်အကြေးနှစ်ခု (ဒိုင်အလ်ဒရင် နှင့် ဒီကလိုရိန်း ပလပ်စ်) နှင့် အဟာရဓါတ်တခု (အိုမီဂါ-၃ အဆီဓါတ်)တို့ကို စစ်ရန် အခွင့်တောင်းခံ အပ်ပါသည်။ ထိုစမ်းသပ်မှုများသည် လက်ရှိဖေါ်ထုတ်တည်ဆောက်ဆဲဖြစ်သည်။ သင့်သွေးနှင့် ဆီးကို မျိုးရိုးဗီဇစစ်ရန် အတွက် ကျွန်ုပ်တို့ အသုံးမပြုပါ။

ကန်ကြီးများအတွင်းတွင် အညစ်အကြေးအသစ်များကို ထပ်မံတွေ့ရှိနိုင်ကာ၊ ထိုအညစ်အကြေးအသစ်များကို တိုင်းတာရန် စမ်းသပ်မှုအသစ်များကိုလည်း ထပ်မံဖေါ်ထုတ်တည်ဆောက်ရနိုင်ပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့မှသင့် သွေးနှင့် ဆီးတို့အား နောင်အနာဂါတ်၌ ပေါ်ပေါက်လာသော အညစ်အကြေးများကို စမ်းသပ်ရန်အတွက် ထပ်မံသုံးစွဲခွင့်ရှိမရှိကို သိရှိရန်လိုအပ်သည်။

**ဤစီမံကိန်း၌ ပါဝင်မှုကြောင့် သင့်တွင် မည်သည့်အန္တရာယ် သို့မဟုတ် သက်တောင့်သက်သာမရှိမှုများဖြစ်ပေါ်နိုင်သနည်း။**

သင့်လက်မောင်းမှ သွေးထုတ်သောအခါ အနည်းငယ်သောစူးရှမှု သို့မဟုတ် စိတ်ဆွဲသကဲ့သို့ ခံစားရနိုင်ပါသည်။ အလွန် သေးငယ်သော ပွန်းရှမှုလည်းဖြစ်နိုင်ပါသည်။ အချို့သူများသည် မူးမေ့တတ်သော်လည်း ဤသို့ဖြစ်ခြင်းမှာ ရှားပါးလှပေသည်။

သင်၏ စိတ်မချမ်းမြေ့စရာအတွေ့အကြုံများကို ပြန်ဖေါ်ရတတ်သောကြောင့် တွေ့ဆုံမေးမြန်းမှုသည် စိတ်ဖိစီးစေတတ်ပါသည်။ သင်မဖြေလိုသော မေးခွန်းများကို သင့်စိတ်ကြိုက် ကျော်လွှားဖြေဆိုနိုင်သည်။

ဆီး ထုတ်ပေးခြင်း၊ အရပ်နှင့်ကိုယ်အလေးချိန်တိုင်းတာခြင်းတို့အတွက် မည်သည့်အန္တရာယ်မျှ မရှိနိုင်ပါ။

**ဤစီမံကိန်းတွင်ပါဝင်မှုကြောင့် သင့်တွင်မည့်သည့်အကျိုးကျေးဇူးများ ရနိုင်သနည်း။**

သင့် သွေးနှင့်ဆီး စမ်းသပ်စစ်ဆေးချက် တို့မှ ရရှိသော ရလာဒ်အချို့ကို အဓိပ္ပါယ်ရှင်းလင်းချက်နှင့်တကွ ပို့ပေးမည်။ ဤစီမံကိန်းတွင်ပါဝင်ခြင်းအားဖြင့် အခြားသော တိုက်ရိုက်အကျိုးကျေးဇူးများ ရရှိနိုင်ရန် မရှိပါ။

**သင် သုတေသန အဖွဲ့သို့ပေးအပ်သော အချက်အလက်များကို မည်သူများမှ ကြည့်ရှုကြမည်နည်း။**

သင်နှင့်ပက်သက်သည့် အချက်အလက်များအားလုံး (အမည်၊ နေရပ်၊ ဤပုံစံစာရွက်၊ တွေ့ဆုံမေးမြန်းခန်း အဖြေများ၊ သွေးနှင့် ဆီးရလာဒ်တို့ အပါအဝင်) ကို လုံခြုံစွာ သိမ်းဆည်းထားမည်ဖြစ်သည်။ သင့်ထံမှ အချက်အလက်များကို သိမ်းဆည်း မှတ်တမ်းတင်ရာ ၌ အထူးကုဒ်နံပါတ်အား သင့်အမည်အစား အသုံးပြုမည်ဖြစ်သည်။ သင့်ထံမှရရှိသော စာရွက် စာတမ်းများကို ဗိုင်များအတွင်း သော့ခတ်၍လည်းကောင်း၊ အီလက်ထရောနစ် မှတ်တမ်းများကို အထူးလျှို့ဝှက်နံပါတ်ပါရှိသော ကွန်ပျူတာများဖြင့် လည်းကောင်း နယူးယော့ခ်ပြည်နယ် ကျန်းမာရေးဌာနတွင် သိမ်းဆည်းထားမည်ဖြစ်သည်။ ဤစီမံကိန်း၌ လုပ်ကိုင်နေသော ဝန်ထမ်းများသာလျှင် စာရွက်စာတမ်းများနှင့် အီလက်ထရောနစ် မှတ်တမ်းများကို ကြည့်ရှုခွင့်ရှိသည်။ သင်၏ အချက်အလက်များကို အဆိပ်အတောက်နှင့်ရောဂါမှတ်တမ်းရုံးအား မျှဝေလေ့လာသောအခါ၊ သင့်ထံသို့တိုက်ရိုက်ပတ်သက်လာနိုင်သည့် အချက် အလက်များနှင့် အမည်တို့ကို ဖယ်ရှားပစ်မည်ဖြစ်သည်။ အစီရင်ခံလွှာများနှင့် ဟောပြောပွဲများ၌ အချက်အလက်များကို လူစု အနေဖြင့်သာ ဖေါ်ပြမည်ဖြစ်ရာ မည်သူတစ်ဦးတစ်ယောက်၏အကြောင်းကိုမျှ သိရှိနိုင်မည်မဟုတ်ပါ။

**ဤစီမံကိန်းတွင်ပါဝင်မှုအတွက် သင်မည်မျှ ကုန်ကျမည်နည်း။**

သင့်အတွက် တစ်ခုတည်းသော ကုန်ကျစရိတ်မှာ သင်ပါဝင်ပေးသည့် အချိန်နှင့် အားစိုက်ထုတ်မှုပင်ဖြစ်သည်။ အကယ်၍ သင်မှ ဤစီမံကိန်းပါ ကဏ္ဍများအားလုံးကို ဆုံးခန်းတိုင် ပါဝင်ဖြည့်စီးပေးပါက ကျွန်ုပ်တို့မှ သင့်အား ၇၅ ဒေါ်လာ ကျေးဇူး ဆပ်ပါမည်။ အကယ်၍ လုပ်ကိုင်ဆောင်ရွက်မှုများအားလုံးမဖြည့်စီးပေးနိုင်ပါက သင့်လုပ်ဆောင်ချက်ပြီးစီးမှုပေါ်မူတည်၍ ကျေးဇူးဆပ်မည် ဖြစ်သည်။ ရရှိသော လက်ဆောင်ကဒ်ပြားကို စတိုးဆိုင်အများစုနှင့် အွန်လိုင်းဈေးဝယ်ရာတွင် အသုံးပြုနိုင်သည်။ အကယ်၍ ဤစီမံကိန်း၌ ပါဝင်ရန် မြန်မာပြည်မှလာသော လူ ၃ ဦး ထပ်မံကူညီရှာဖွေပေးပါက ရှာဖွေရရှိသူ တစ်ဦးလျှင် ၁၅ ဒေါ်လာနှုန်း သင် ရရှိမည်ဖြစ်သည်။

**သင်၏ သွေးနှင့်ဆီး စစ်ချက်ရလာဒ်များကို သင်ပြန်လည် ရရှိပါမည်လော။**

သင့် သွေးနှင့်ဆီး စစ်ချက်ရလာဒ်တချို့ကို ကျွန်ုပ်တို့ပြန်လည်ပို့ပေးမည်။ အချို့သောစစ်ချက်ရလာဒ်တို့ကိုမူပြန်လည် မပေးပို့နိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုရလာဒ်များ၏ဆိုလိုရင်းများကို သိရှိနိုင်ခြင်း အနည်းငယ် သို့မဟုတ် လုံး၀ မရှိသောကြောင့်ဖြစ်သည်။

ဖေါ်ပြပါ စစ်ချက်များ၏ ရလာဒ်များကို သင်ရရှိမည်ဖြစ်သည် - ပေါ်လီကလိုရိုနိတ် ဘိုင်ဖီနော်လ် (ပီစီဘီ)၊ ဒီဒီတီ၊ ဒီဒီအီး၊ ဟက်စာကလိုရိုဘန်ဇင်း၊ တောက်စာဖိန်း၊ အောက်ဆီကလိုဒိန်း၊ ထရန်စ-နိုနာအက်ကလာ၊ ပြဒါး၊ ခဲ၊ ကဒ်မီယမ်၊ ကိုလက်စထရော နှင့် ထရိုင်ဂလစ်စရိုက်၊ နှင့်တကွ ကရီရေးတီနိန်းတို့ဖြစ်သည်။

သင်၏ ဆရာဝန်ထံသို့ စစ်ချက်ရလာဒ်များကို ပေးပို့စေလိုပါက ကျွန်ုပ်တို့မှ ပို့ပေးမည်။ စစ်ချက်ရလာဒ်ပါရှိသော စာပေါ်တွင် သင်စုံစမ်းမေးမြန်းလိုသော အကြောင်းအရာများ ရှိပါက မေးမြန်းနိုင်ရန် ဖုန်းနံပါတ်များပါရှိပေလိမ့်မည်။

သင့်ကိုယ်၌ တွေ့ရှိရသောဓါတုဓါတ်များနှင့်ပတ်သက်၍ ထပ်မံဆောင်ရွက်ရန် ရှိပါက ကျန်းမာရေးဌာနမှ တာဝန်ရှိသူ တဦးဦးမှ သင့်အား ဆက်သွယ်လိမ့်မည်။ သင့်ထံတွင် အဘယ်ကြောင့် ဓါတုဓါတ်များ ပုံမှန်ထက် ပိုမိုများပြားစွာ ရှိနေကြောင်းကိုလည်း ကျွန်ုပ်တို့မှ ဆွေးနွေးတိုင်ပင်ကာ ကူညီအဖြေရှာပေးမည်ဖြစ်ပြီး၊ ရှေ့ဆက် မည်သို့လုပ်ကိုင်ရမည်ကိုလည်း အကြံပြုပေးမည်။ ကျွန်ုပ်တို့မှ သင့်အား

နယူးယောခ့်ပြည်နယ် မြစ်ချောင်းအင်းအိုင်များမှ ငါးများကို မည်သို့ရွေးချယ်စားသုံးရကြောင်း အချက်အလက်များလည်း ပြောပြ ပေးအပ်မည်ဖြစ်သည်။

**သင့်တွင် ဤစီမံကိန်း၌ ပါဝင်မှုနှင့် ပတ်သက်၍ မည်သို့ရွေးချယ်ခွင့်များ ရှိသနည်း။**

ဤစီမံကိန်း၌ သင်၏ပါဝင်မှုသည် သင့်သဘောဆန္ဒအလျောက်သာ ဖြစ်သည်။ သင်ပါဝင်လိုခြင်းရှိ၊ မရှိကို သင့်တွင်လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိသည်။ သင်သည် သွေးပေးခြင်း၊ ဆီးပေးခြင်း၊ သို့မဟုတ် တွေ့ဆုံမေးမြန်းမှု မေးခွန်းများ အစရှိသည်တို့ကို ငြင်းဆိုပိုင်ခွင့် အလျင်းရှိသည်။ သင်သည် ဆန္ဒပြုလွှာကို လက်မှတ်ထိုးပြီးလင့်ကစား အချိန်မရွေး ဤစီမံကိန်းမှ ထွက်ခွာသွားခွင့် ရှိသည်။ အသုံးမပြုတော့သော သင့်၏ ဆီး သို့မဟုတ် သွေးလက်ကျန်တို့ကို ကျွန်ုပ်တို့မှ ဖျောက်ဖျက်ပြစ်ရန်လည်း သင့်တွင် တောင်းဆိုပိုင်ခွင့်ရှိသည်။ သင်မပါဝင်ခဲ့ပါမူ၊ သို့မဟုတ် ပါဝင်နေရာမှ နုတ်ထွက်ခဲ့ပါမူ သင်၏အခြား မည်သည့် ကိစ္စများကိုမှ ထိခိုက်နစ်နာစေမည် မဟုတ်ပေ (ဥပမာ၊ သင့်ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်၊ အစရှိသဖြင့်။)။

**သင့်အနေဖြင့် နောက်နောင် မေးမြန်းရန် မေးခွန်းများ ရှိလာပါက မည်သူ့ကို ဆက်သွယ်ရမည်နည်း။**

သင်မှ ဤစီမံကိန်းအကြောင်းသိရှိလိုပါက၊ သို့မဟုတ် နုတ်ထွက်လိုပါက ဆက်သွယ်ရန် -

> Julie Reuther ၊ စီမံကိန်း ဦးစီးမှူး
> နယူးယောခ့်ပြည်နယ် ကျန်းမာရေးဌာန
> ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေး စင်တာ
> ၅၁၈-၄၀၂-၇၉၅၀

ဤစီမံကိန်း၌ ပါဝင်မှုနှင့်ပတ်သက်၍ သင်၏ အခြေခံ အခွင့်အရေးများကို သိရှိလိုပါက ဆက်သွယ်ရန် -

> Tony Watson
> နယူးယောခ့်ပြည်နယ် ကျန်းမာရေးဌာန
> အဖွဲ့အစည်းဆိုင်ရာ ပြန်လည်လေ့လာသုံးသပ်ရေး ဘုတ်အဖွဲ့
> ၅၁၈-၄၇၄-၈၅၃၉

ဤအကြောင်းခြင်းရာတို့ကို ဖတ်ပြီးနောက် သင်မှ ဘာဆက်လုပ်သင့်သနည်း။

ကျွန်ုပ်တို့မှ သင့်အားလုပ်ကိုင်ဆောင်ရွက်ခိုင်းသည့် ကိစ္စများကို မရှင်းလင်းပါက၊ ကျေးဇူးပြု၍ မေးခွန်းများ ထပ်မံမေးမြန်းပါ။ သင်မှ မေးမြန်းစရာများကို သင့်စိတ်တိုင်းကျ ကျွန်ုပ်တို့မှ ဖြေဆိုပြီးနောက်၊ သင်သည် ဤစီမံကိန်းတွင်ပါဝင်လိုပါက၊ ရှေ့လာမည့် စာမျက်နှာပါ ဝင်ရောက်ပါဝင်လိုကြောင်း ဆန္ဒပြုလွှာတွင် ကျေးဇူးပြု၍ လက်မှတ်ရေးထိုး ဆန္ဒပြုပါ။

**နယူးယော့ခ်ပြည်နယ် ကျန်းမာရေးဌာန**
**နယူးယော့ခ်ပြည်နယ်ရှိ စိုးရိမ်ဖွယ် အခြေအနေရှိသော ဒေသများတွင် နေထိုင်သည့် မြန်မာပြည်ဖွားများ၊ သို့မဟုတ် ၎င်းတို့မှ ဆင်းသက်ပေါက်ဖွားသူများအား ဓါတုဇီဝသတ်မှတ်တိုင်းတာခြင်း**

## ဝင်ရောက်ပါဝင်လိုကြောင်း ဆန္ဒပြုလွှာ

ကျွန်ုပ်သည် <u>နယူးယော့ခ်ပြည်နယ်ရှိ စိုးရိမ်ဖွယ် အခြေအနေရှိသော ဒေသများတွင် နေထိုင်သည့် မြန်မာပြည်ဖွားများ၊ သို့မဟုတ် ၎င်းတို့မှ ဆင်းသက်ပေါက်ဖွားသူများအား ဓါတုဇီဝသတ်မှတ်တိုင်းတာခြင်း</u> စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာ အလုံးစုံကို ဖတ်ရှုသိရှိပြီးဖြစ်သည်။ ကျွန်ုပ်မှ သိရှိလိုသောမေးခွန်းများအားလည်း မေးမြန်းခွင့် ပေးပြီးဖြစ်ကာ၊ ထိုမေးခွန်းများကိုလည်း ပြန်လည် ဖြေကြားခဲ့ပြီး ဖြစ်သည်။ ကျွန်ုပ်မှလည်း ဤဆန္ဒပြုလွှာ မိတ္တူတစ်စုံကို လက်ဝယ်ရရှိပြီးဖြစ်သည်။

1. ကျွန်ုပ်သည် ဤစီမံကိန်း၌ ဝင်ရောက်ပါဝင်လိုပါသည်။
   *(အကွက်တခု၌ အမှတ်ခြစ်ပါ။)*

   ☐ ဟုတ်ပါသည် ➔ *မေးခွန်းအမှတ် ၂ သို့။*

   ☐ မဟုတ်ပါ

2. အထက်ဖေါ်ပြပါ ဓါတုအညစ်အကြေး နှစ်မျိုးနှင့် အဟာရဓါတ် တစ်မျိုးတို့ကို လက်ရှိစစ်ဆေး စမ်းသပ်နိုင်ခြင်း မရှိပေ၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့အတွက် ဓါတ်ခွဲခန်းစမ်းသပ်မှုကို ဖေါ်ထုတ်တည်ဆောက်နေဆဲဖြစ်သည်။ ထိုစမ်းသပ်ချက်များကို နောက်နောင်တွင် ပြုလုပ်နိုင်ရန် ကျွန်ုပ်မှ နယူးယော့ခ် ကျန်းမာရေးဌာနကို ကျွန်ုပ်၏ သွေးနှင့် ဆီးလက်ကျန်တို့ကို သိမ်းဆည်းခွင့်ပြုသည်။
   *(အကွက်တခု၌ အမှတ်ခြစ်ပါ။)*

   ☐ ဟုတ်ပါသည် ➔ *မေးခွန်းအမှတ် ၃ သို့။*

   ☐ မဟုတ်ပါ ➔ *<u>ဤစာရွက်စာတမ်းကို လက်မှတ်ထိုးပါ။</u>*

3. နောင် အနာဂါတ်ကာလ၌၊ ရေကန်ကြီးများတွင် အခြားသော ဓါတုအညစ်အကြေးများ ထပ်မံတွေ့ရှိနိုင်သကဲ့သို့၊ အသစ်သစ်သော စမ်းသပ်စစ်ဆေးမှုများလည်း ထပ်မံတည်ဆောက် ပြုလုပ်ရနိုင်ပေသည်။ ထိုသို့ ထပ်မံ တွေ့ရှိသော ဓါတုအညစ်အကြေးများကို နယူးယော့ခ် ကျန်းမာရေးဌာနမှ လေ့လာစမ်းသပ် နိုင်ရန် ကျွန်ုပ်၏ သွေးနှင့် ဆီးလက်ကျန်တို့ကို သိမ်းဆည်းခွင့်ပြုပါသည်။ သင်ထံမှ သိမ်းဆည်းရရှိသော သွေးနှင့် ဆီးတို့ကို နယူးယော့ခ်ပြည်နယ် ကန်ကြီးများနှင့် မြစ်ချောင်းအင်းအိုင်များမှ ငါးများကို စားသုံးသူများအတွင်းရှိ ဓါတုအညစ်အကြေးများအဆင့်တိုင်းတာသတ်မှတ်ခြင်း လုပ်ငန်း၌သာ ကျွန်ုပ်တို့ အသုံးပြုမည်ဖြစ်သည်။
   *(အကွက်တခု၌ အမှတ်ခြစ်ပါ။)*

   ☐ ဟုတ်ပါသည်၊။ ကျွန်ုပ်ထံမှ သိမ်းဆည်းရှိထားသော သွေးနှင့်ဆီးတို့ကို အခြား ဓါတုအညစ်အကြေးများ စမ်းသပ်ရာတွင် အသုံးမပြုခင် <u>ကျွန်ုပ်အား ဆက်သွယ်ရန်မလိုအပ်ပါ။</u>

   ☐ ဟုတ်ပါသည်။ ကျွန်ုပ်ထံမှ သိမ်းဆည်းရှိထားသော သွေးနှင့်ဆီးတို့ကို အခြား ဓါတုအညစ်အကြေးများ စမ်းသပ်ရာတွင် အသုံးမပြုခင် <u>ကျွန်ုပ်အား ဆက်သွယ်ပါ။</u>

   ☐ မဟုတ်ပါ။

________________________________________
ဝင်ရောက်၊ ပါဝင်သူ၏ အမည် (ရေးသားပါ)

ဝင်ရောက်၊ ပါဝင်သူ၏ လက်မှတ် | နေ့စွဲ